မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကော်မတီ အနှစ်ချုပ် စာတမ်း

# ဥပဒေအရ အကြမ်းဖက်အဖွဲ့အစည်း တစ်ခုဖြစ်နေသည့် မြန်မာစစ်တပ်

ဒီဇင်ဘာလ ၁၄ ရက် ၂၀၂၁ ခုနှစ်

## အကျဉ်းချုပ်

မြန်မာနိုင်ငံအတွင်း နေထိုင်သူများသည် အထူးသဖြင့် အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မှ စတင်၍ နိုင်ငံတော်၏ စစ်တပ်ဖြစ်သည့် တပ်မတော်အား အကြမ်းဖက်အဖွဲ့အဖြစ် တိုးမြှင့် ရည်ညွှန်းလာခဲ့ကြသည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် မြန်မာအမျိုးသား ညီညွတ်ရေးအစိုးရက တပ်မတော်အား အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် တရားဝင် ကြေညာ ခဲ့သည်။ မြန်မာအမျိုးသားညီညွတ်ရေးအစိုးရကို ရွေးကောက်ခံ အမတ်များဖြင့် ဧပြီလတွင် ဖွဲ့စည်း ခဲ့သည်။[i]

နိုင်ငံတကာ ဥပဒေနှင့် ပြည်တွင်း ဥပဒေများအား ပြန်လှန်သုံးသပ်ချက်များအရ အကြမ်းဖက်မှုတစ်ခု အတွက် အဓိကအချက် သုံးချက် ပါဝင်ရန် လိုအပ်သည်။

(၁) ပထမအချက်အနေဖြင့် အများပြည်သူအား ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေခြင်း သို့မဟုတ် ဓါးစာခံများအဖြစ် ဖမ်းဆီးခြင်း သို့မဟုတ် သတ်ဖြစ်ခြင်း သို့မဟုတ် ပြင်းထန်ဒဏ်ရာရစေခြင်းများ သို့မဟုတ် အများပြည်သူအား ပြင်းထန်စွာ ထိခိုက်နာကျင် စေခြင်း သို့မဟုတ် အခြားအကြမ်းဖက်မှုများ ဖြစ်ပေါ်စေရမည်။ တပ်မတော်သည် အစိုးရဝန်ထမ်းများနှင့် ပြည်သူများအား ဖမ်းဆီးထိန်းသိမ်းခြင်း အပါအဝင် ထောင်ပေါင်း များစွာသော ပြည်သူများအား သတ်ဖြတ်ခြင်းနှင့် ပြင်းထန်ဒဏ်ရာ ရစေခြင်းများကို ကြုံတွေ့ခံစား စေခြင်းများ အပါအဝင် အထက်ပါ အချက်များ အားလုံးကို ကျူးလွန်ခဲ့သည်။ [ii]

(၂) ဒုတိယအချက်အနေဖြင့် လုပ်ဆောင်ချက်တစ်ခု သို့မဟုတ် လုပ်ဆောင်ချက်များသည် အများပြည်သူ ကြားတွင် အကြမ်းဖက်မှုဖြစ်ပေါ်စေရန် ရည်ရွယ်ခြင်း သို့မဟုတ် အစိုးရတရပ်အား တစ်စုံတစ်ခု ပြုလုပ်ရန် အတင်းအကျပ် ဖိအားပေးခြင်း သို့မဟုတ် မပြုလုပ်နိုင်ရန် တားမြစ်ခြင်း ဖြစ်ရမည်။

အထူးသဖြင့် ဖေဖော်ဝါရီ ၁ ရက်နေ့မှ စတင်၍ စစ်တပ်မှ လုပ်ဆောင်သော အထက်ဖော်ပြပါ သာဓကများ အပါအဝင် ပိုမို ဆိုးရွားသည့် ဆောင်ရွက်ချက်များသည် ပြည်သူများအပေါ် အကြမ်းဖက်မှု ကျူးလွန်ရန် ပုံဖော်နေခြင်း ဖြစ်သည်မှာ ထင်ရှားသည်။ လက်ရှိလုပ်ဆောင်နေသည့် အကြမ်းဖက်မှု လုပ်ရပ်သည် တပ်မတော်၏ ဆယ်စုနှစ်ပေါင်း များစွာ အသုံးပြုလာသည့် နည်းလမ်းများထဲမှ နောက်ဆုံးလုပ်ဆောင်မှုဖြစ်ပြီး အကြောက်တရားဖြင့် ၎င်း၏ သဘောထားများအား ကျင့်သုံးနေခြင်း ဖြစ်သည်။

(၃) တတိယအချက်အနေဖြင့် လုပ်ဆောင်ချက် တစ်ခု သို့မဟုတ် လုပ်ဆောင်ချက်များသည် နိုင်ငံတကာ ဥပဒေ သို့မဟုတ် ပြည်တွင်း ဥပဒေများ အရ အလွန်ဆိုးရွားသည့် ရာဇဝတ်မှုများ ဖြစ်ရမည်။

တပ်မတော်၏ ဓါးစာခံများအဖြစ် ဖမ်းဆီးထိန်းသိမ်းခြင်း၊ သတ်ဖြတ်ခြင်းနှင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာ ရစေခြင်း စသည့် ပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်သည့် အကြမ်းဖက်မှုများသည် မြန်မာနိုင်ငံ၏ ဥပဒေအရ အကြမ်းဖက် တိုက်ခိုက်မှုများဖြစ်သည်။ စစ်တပ်မှ ၎င်းတို့၏ ပြည်သူများအပေါ် ကျူးလွန်သည့် လုပ်ရပ်များအားလုံးအတွက် နိုင်ငံတကာ အကြမ်းဖက်မှု ဥပဒေက သက်ရောက်မှုမရှိနိုင်သော်လည်း နိုင်ငံတကာ ဥပဒေတွင် သတ်မှတ်ထားသည့် အကြမ်းဖက်မှု အဓိပ္ပါယ်များအရ တပ်မတော်အား အကြမ်းဖက်သူများ အဖြစ် ပြတ်ပြတ်သားသား သတ်မှတ်နိုင်သည်။

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ကောင်စီက တပ်မတော်အား မြန်မာနိုင်ငံသားများအပေါ် အကြမ်းဖက် လုပ်ရက်များ လုပ်ဆောင်နေသည့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ အဖြစ် မှတ်ယူထားသည်။[iii] တပ်မတော် သားများမှ လူသေအလောင်းများ တွင် မိုင်းထောင်ခြင်းနှင့် ပတ်သက်သော အစီရင်ခံစာများကို လက်ခံရရှိပြီးနောက် အထူးအကြံပေးကောင်စီက တပ်မတော်၏ လက်တလော လုပ်ဆောင်ချက်များအား ၂၀၀၀ ခုနှစ်များက အကြမ်းဖက် အဖွဲ့ဖြစ်သည့် အစ္စလမ်နိုင်ငံတော် (သို့မဟုတ်) Daesh မှ အီရပ်တွင် ကျူးလွန်ခဲ့သည့် လုပ်ရပ်များနှင့် ဆက်စပ် ဖော်ပြခဲ့သည်။ [iv] တပ်မတော်၏ အကြမ်းဖက်လုပ်ရပ် များနှင့် ပတ်သက်၍ ခိုင်မာသည့် သတင်းအချက်အလက် များကို ထုတ်ပြန်လျက်ရှိသည်။[v]

ဤအနှစ်ချုပ်စာတမ်းတွင် အကြမ်းဖက်မှုနှင့် သက်ဆိုင် သည့် နိုင်ငံတကာ ဥပဒေနှင့် ပြည်တွင်း ဥပဒေများကို ခြုံငုံသုံးသပ် တင်ပြထားသည်။ တပ်မတော်အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ၊ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေများအား ချိုးဖောက်ခြင်းများနှင့် လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အပါအဝင် ဆိုးရွားသည့် နိုင်ငံတကာ ရာဇဝတ်မှုကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက် နေမှုများအတွက် တာဝန်ရှိကြောင်းနှင့် တပ်မတော်သည် အကြမ်းဖက်အဖွဲ့အစည်း တခုဖြစ်ပြီး ထိုကဲ့သို့ သတ်မှတ်ကာ ဆက်ဆံသင့်ကြောင်း ဤအစီရင်ခံစာက ဖော်ပြထားသည်။

## တပ်မတော်မှ ကျူးလွန်သည့် အကြမ်းဖက်မှု လုပ်ရပ်များ

တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသား လူနည်းစုများနှင့် ယခင် ဒီမိုကရေစီနည်းလမ်းအရ တော်လှန်ခဲ့ချိန်များတွင် ဆန္ဒပြသူများအပေါ် ဆိုးရွားသည့် အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည်ဟု ကျော်ကြား သည်။ တပ်မတော်၏ အကြမ်းဖက်မှုများသည် အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် ဖေဖော်ဝါရီလမှ၍ နိုင်ငံအနှံ့ ဖြစ်ပွားခဲ့ပြီး မြန်မာပြည်သူ အများစုက ပြတ်သားစွာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ တပ်မတော် အနေဖြင့် ၎င်းတို့၏ နိုင်ငံရေး ရည်မှန်းချက်များကို အများပြည်သူမှ ထင်ရှားစွာ ဆန့်ကျင်မှု ဖြစ်စေသည့် အကြောင်းရင်းများကို ပြောင်းလဲရန်ထက် အကြမ်းဖက် နည်းဖြင့် တုန့်ပြန်ခဲ့သည်။ ထပ်တလဲလဲ ဖြစ်ပေါ်နေသော အကြမ်းဖက်မှု ပုံစံအချို့သည် အလွန်ပင် ရက်စက် ကြမ်းကြုတ်ပြီး လူထုအပေါ် ခွဲခြားမှုမရှိပဲ ထိန့်လန့် တုန်လှုပ်ဖွယ် ရုတ်ချည်း ဖြစ်ပွားလေ့ ရှိပြီး ထိုလုပ်ဆောင်ချက်များ၏ သက်ရောက်မှု များမှာ တိုက်ရိုက် ထိခိုက်ခံစား ရသူများအပေါ်သာမက ပြည်သူလူထု အားလုံးအပေါ် သက်ရောက်မှုရှိသည့် အတွက် နောက်ဆုံးတွင် ပြည်သူများအနေဖြင့် ကြောက်ရွံ့ မှုများကြားမှ စစ်တပ်၏ အုပ်ချုပ်မှုကို တုန့်ပြန်ခဲ့ကြသည်။

ဤအနှစ်ချုပ်စာတမ်းတွင် တပ်မတော်၏ အကြမ်းဖက်မှု လုပ်ရပ်နှင့်ပတ်သက်ပြီး တင်ပြချက်တစ်ခုစီတိုင်းကို ထည့်သွင်းနိုင်ခြင်း မရှိသော်လည်း အာဏာသိမ်းပြီးချိန်မှ စတင်၍ ဖြစ်ပွားခဲ့သည့် အချို့သောကိစ္စရပ်များက အကြမ်းဖက်မှုနှင့် ရက်စက်မှုပုံစံများ အပါအဝင်

စစ်တပ်မှ အကြမ်းဖက်သောနည်းလမ်းများ အသုံးပြုနေကြောင်း ဖော်ပြလျက် ရှိသည်။

ထိုအထဲတွင် အများပြည်သူအား ရိုက်နှက်ခြင်းများနှင့် သတ်ဖြတ်ခြင်းများပါဝင်သည်။ မတ်လ မန္တလေးမြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသည့် အချိန်တွင် တပ်မတော်လက်ဖြောင့်တပ်သားတဦးမှ လူစုအတွင်းသို့ ပစ်ခတ်ခဲ့စဉ် အသက် ၁၉ နှစ်အရွယ် ကြယ်စင်သည် ခေါင်းသို့ ကျည်ဆံထိမှန်ပြီး သေဆုံးခဲ့သည်။[vi] ဆန္ဒပြပွဲမှ လက်ဖြောင့်တပ်သား၏ ဓါတ်ပုံများ ပြန့်နှံ့ခဲ့ပြီး ထိုနေရက်များအတွင်းတွင် ဒါဇင်ပေါင်း များစွာသော ဆန္ဒပြသူများသည် ခေါင်းသို့ ရမ်းသမ်းပစ်ခတ်ခြင်း ခံခဲ့ရသည်။ ဧပြီလ စစ်ကိုင်းတိုင်း သပိတ်တစ်ခုတွင် လူအများသိကြသော သပိတ်ခေါင်းဆောင်ဝေမိုးနိုင်သည် ကားဖြင့်တိုက်ခြင်း၊ ရိုက်နှက်ခြင်း နှင့် အဝေးသို့ ဆွဲခေါ်သွားခြင်း ခံခဲ့ရသည်။ [vii] စစ်ကြောရေးတွင် ဆိုးရွားစွာ ရိုက်နှက်ခံရသည့် ဓါတ်ပုံများ ပျံ့နှံ့လာပြီး လူပေါင်းများစွာက မျှဝေခဲ့ကြသည်။ အာဏာသိမ်းမှု ဆန့်ကျင်ဆန္ဒပြပွဲများတွင် သတ်ဖြတ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရပြီး အဝေးသို့ ခေါ်ဆောင်သွားခြင်း ခံရသူများ၏ ညှဉ်းပမ်းနှိပ်စက်ခံရသော သို့မဟုတ် ကိုယ်လက်အင်္ဂါချို့ယွင်းလျက်ရှိသော ရုပ်ခန္ဓာများကို မိသားစုထံသို့ နောက်ပိုင်းတွင် ပြန်လည်ပို့ဆောင်ခဲ့ကြသည့်အတွက် ကြောက်ရွံ့ထိန့်လန့်မှုကို ပိုမိုခံစားရစေခဲ့သည်။ [viii] တပ်မတော်မှ အကြမ်းဖက်မှုနှင့် ညဘက်အချိန်မတော် ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့သည့်အတွက် ယခုအချိန်တွင် ထောင်ပေါင်းများစွာသော ပြည်သူများသည် အဓမ္မဖမ်းဆီးခေါ်ဆောင်ခံရခြင်း သို့မဟုတ် ပျောက်ဆုံး ခဲ့ကြသည်။ [ix] တပ်မတော်မှ ဖမ်းဆီးခံထားရသူများ၏ ဒဏ်ရာများနှင့် သွေးစွန်းနေသည့် မျက်နှာပုံများကို ဖြန့်ဝေခြင်းဖြင့် စစ်တပ်၏ စစ်ကြောရေးအား ကြောက်ရွံ့စေရန် တမင်တကာ နိုးဆော်ပေးခဲ့သည်။ ဧပြီလတွင် ရန်ကုန်၌ ဖမ်းဆီးခံရသည့် အမျိုးသား လေးဦးနှင့် အမျိုးသမီး နှစ်ဦးတို့၏ မျက်ကွင်းများ ညိုမည်းနေပြီး မေးရိုးကျိုးနေသည့် ဓါတ်ပုံများအား စစ်တပ်ပိုင် ရုပ်မြင်သံကြားလိုင်းမှတဆင့် ပြသခဲ့သည်။ [x] တပ်မတော်မှ စီးနင်းရှာဖွေလိုသူအား မတွေ့ပါက ကလေးသူငယ်များ အပါအဝင် မိသားစုဝင်များကို ဓါးစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။ တပ်မတော်မှ ခေါ်ဆောင်သွားသည့် အငယ်ဆုံး ဓါးစာခံမှာ အသက် ၁ နှစ် ၈ လ အရွယ် ကလေးငယ် ဖြစ်သည်ဟု ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူး ကိုယ်စားလှယ်က စက်တင်ဘာလတွင် လူ့အခွင့်အရေး ကောင်စီအား ပြောခဲ့သည်။[xi]

ထို့အပြင် ကိစ္စရပ် တော်တော်များများတွင် အစိုးရဝန်ထမ်းများအား အဓမ္မ ဖမ်းဆီးထိန်းသိမ်းပြီး ဖမ်းဆီးထိန်းသိမ်းခံရသူများအား ဒဏ်ရာရစေခြင်း သို့မဟုတ် ထိန်းသိမ်းချိန်အား ပိုမိုရှည်ကြာစေခြင်းအားဖြင့် အတင်းအဓမ္မ သက်သေခံစေခြင်း သို့မဟုတ် ရွေးကောက်ခံ အရာရှိအချင်းချင်း ဆန့်ကျင်စေခြင်းများသည် ဓါးစာခံ ဖမ်းဆီးခေါ်ယူခြင်းနှင့် အလားသဏ္ဍာန်တူကြောင်း ထင်ရှားသည်။

အာဏာသိမ်းရန် ကြိုးပမ်းမှု ၁၁ လ ကြာမြင့်ပြီး နောက်တွင်လည်း တပ်မတော်၏ အကြမ်းဖက် လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အစီရင်ခံချက်များ ဆက်လက် ရရှိနေသေးသည်။ ဒီဇင်ဘာလ ပထမပတ်အတွင်း စစ်တပ်၏ကားမှ လူထု အတွင်းသို့ အရှိန်ဖြင့် ဝင်တိုက်သည့်အတွက် ရန်ကုန်မြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သူ ငါးဦး သေဆုံးခဲ့ရသည်။[xii] ထုတ်ပြန်ချက်များအရ ဖေဖော်ဝါရီလမှ စတင်ပြီး စစ်တပ်၏ကားဖြင့် ဆန္ဒပြသူများအား တိုက်ခိုက်ခဲ့သည့် အကြိမ်ရေမှာ ၁၂ ကြိမ်ထက် မနည်းရှိသည်ဟု မှတ်တမ်းတင်ထားသည်။[xiii] မန္တလေးတွင် ဗုံးပေါက်ကွဲမှု တခုကြောင့် စစ်သားများမှ ပြည်သူအား ပြစ်ဒဏ်ပေးသည့် အနေဖြင့် သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ အသက်ငါးနှစ်အရွယ် အမျိုးသမီးငယ်တဦး၏ ခေါင်းသို့ ကျည်ဆံ ထိမှန်ခဲ့သည်။[xiv] ချင်းပြည်နယ်၊

မင်းတပ်မြို့ရှိ နေအိမ်တလုံး၏ အပြင်ဘက်တွင် စစ်သားများမှ ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်းကြောင့် အမျိုးသမီးတဦး အသက်ဆုံးရှုံးခဲ့ရပြီး သူမ၏ အသက်လေးနှစ်အရွယ် ကလေးငယ်၏ ခြေထောက် ပြတ်ခဲ့ရသည်။ မင်းတပ်မြို့သည် ၎င်း၏ ခုခံတော်လှန်မှုကြောင့် ပစ်ဒဏ်ပေးခြင်းကို အကြိမ်ကြိမ်ခံရသော မြို့ဖြစ်သည်။ [xv] နောက်ဆုံးအနေဖြင့် ဖော်ပြလိုသည်မှာ စစ်ကိုင်းတိုင်းတွင် အမျိုးသား ၁၁ ဦးအား တွင်းထဲတွင် အရှင်လတ်လတ် ကြိုးတုတ်ကာ မီးရှို့သတ်ဖြတ်ခဲ့သည်။ ထိုဖြစ်ရပ်ပြီးနောက် မကြာမီ ဒေသခံတဦးမှ မှတ်တမ်းတင်ထားသည့် မီးလောင်ကျွမ်း နေသည့် ခါတ်ပုံနှင့် ရုပ်သံများ လူမှုကွန်ယက် စာမျက်နှာပေါ်တွင် ပျံ့နှံ့လာသည်။[xvi]

## နိုင်ငံတကာ ဥပဒေအရ အကြမ်းဖက်မှုအား သတ်မှတ်ခြင်း

နိုင်ငံတကာဥပဒေတွင် အကြမ်းဖက်မှုအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက် သတ်သတ်မှတ်မှတ် မရှိသကဲ့သို့ အကြမ်းဖက်မှု လုပ်ရက်များတွင် မည်သို့သောအရာများ ပါဝင်သည်ဟူ၍ ပြီးပြည့်စုံသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်လည်း မရှိပေ။ သို့သော် ယေဘုယျအားဖြင့် နိုင်ငံတကာမှ လက်ခံထားသော အကြမ်းဖက်မှု လုပ်ရပ်များတွင် ပါဝင်သည့် အချက်များကို ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် သင့်လျော်သော သဘောတူညီချက် စာချုပ်များနှင့် စာရွက်စာတမ်းများမှ ဆွဲယူကောက်ချက်ချနိုင်သည်။[xvii]

ကုလသမဂ္ဂ တရားဥပဒေဆိုင်ရာရုံးမှ စုစည်းထားသည့် စာမျက်နှာ ၉၉၁ ရွက်ပါသော အစီရင်ခံစာပေါင်းချုပ်တွင် အကြမ်းဖက်မှုနှင့် ပတ်သက်သည့် သဘောတူညီချက် စာချုပ် စောင်ရေ (၂၀) အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UNSC) နှင့် ကုလသမဂ္ဂ အထွေထွေ ညီလာခံ (UNGA) မှ ထုတ်ပြန်ထားသည့် ဆုံးဖြတ်ချက်များကို စာရင်းပြုစုထားသည်။ [xviii] ထိုအထဲတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်တစ်ခုအဖြစ် ထုတ်ပြန်ထားသည့် ၁၉၉၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု ပပျောက်ရေး တိုင်းတွာချက်များဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း၏ နောက်ဆက်တွဲ သဘောတူညီချက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခု ပါဝင်သည်။

> *"အများပြည်သူအပေါ် သို့မဟုတ် နိုင်ငံရေးရည်မှန်းချက်များအတွက် လူတစု သို့မဟုတ် အထူးပုဂ္ဂိုလ်များအပေါ် အကြမ်းဖက်လုပ်ရပ်အဖြစ် ကျူးလွန်ရန် ရည်ရွယ်သော သို့မဟုတ် အကြမ်းဖက်မှု လုပ်ရပ်အဖြစ် သတ်မှတ်နိုင်သော ရာဇဝတ်မှုများအတွက် မည်သည့်အခြေအနေတွင် မဆို ညှိနှိုင်းခွင့် မပြုနိုင်ပါ။"*[xix]

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ၂၀၀၄ ခုနှစ် ဆုံးဖြတ်ချက်တွင် ဤအဓိပ္ပါယ် ဖွင့်ဆိုချက်အား အကျယ်ချဲ့ခဲ့ပြီးနောက် နိုင်ငံတကာ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဆက်လက်ထိန်းသိမ်းရန် အတွက် ကြေညာစာတမ်း၏ အခန်း (၇) အရ ၎င်း၏ အာဏာကို အသုံးပြု ခဲ့သည်။

> *"ပြည်သူများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အပါအဝင် သေစေနိုင်သော သို့မဟုတ် ဆိုးရွားသည့် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများ ဖြစ်ပေါ်စေနိုင်သော ရာဇဝတ်မှုများ သို့မဟုတ် ဓါးစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်း ခြင်းများ၊ ပြည်သူလူထုအား သို့မဟုတ် လူအုပ်စုတစ်စု သို့မဟုတ် အထူးပုဂ္ဂိုလ် များအား ထိန့်လန့်ကြောက်ရွံ့ စေရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူအား ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် အစိုးရတရပ် သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်း တစ်ဖွဲ့ဖွဲ့အား တစ်စုံတခု လုပ်ဆောင်စေရန် သို့မဟုတ် မပြုလုပ်နိုင်ရန် အဓမ္မ ဖိအားပေးခြင်း*

*များသည် မည်သည့်အခြေအနေတွင် မဆို ညှိနှိုင်းနိုင်ခွင့် မရှိပါ။"*[xx]

အလားတူ အသုံးအနှုန်းကို အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ (ASEAN) ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကြေညာစာတမ်းတွင် တွေ့နိုင်သည်။[xxi]

ကုလသမဂ္ဂ အထွေထွေညီလာခံက ထိုအဓိပ္ပါယ် ဖွင့်ဆိုချက်ကို အကျယ်တဝင့် ပြန်လည် ဖွင့်ဆိုထားပြီး အကြမ်းဖက်မှု လုပ်ရပ် အားလုံးမှာ ဤသို့ဖြစ်သည်ဟု ရှင်းပြထားသည်။

*"လူ့အခွင့်အရေး၊ အခြေခံလွတ်လပ်ခွင့်များနှင့် ဒီမိုကရေစီအား နှောင့်ယှက် ဖျက်စီးရန် ရည်ရွယ်ပြီး နယ်မြေစိုးမိုးရေးနှင့် နိုင်ငံများ၏ လုံခြုံရေးကို ခြိမ်းခြောက်ကာ တရားဝင် ဖွဲ့စည်းထားသည့် အစိုးရ အဖွဲ့များအား မတည်မငြိမ် ဖြစ်စေခြင်း။"*[xxii]

အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု ဆန့်ကျင်သည့် စာချုပ်များသည် ခြိုးကလီးယား အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုများအား ငွေကြေးထောက်ပံ့ခြင်းစသည့် အသေးစိတ်ကိစ္စရပ်များအပေါ် ဦးတည်လေ့ရှိသည့် အတွက် ပြီးပြည့်စုံသော အဓိပ္ပါယ် ဖွင့်ဆိုချက်များ ပါဝင်ခြင်းမရှိပါ။ ပြီးပြည့်စုံသည့် အကြမ်းဖက်မှု ဆန့်ကျင်ရေး သဘောတူညီချက်စာချုပ်တစ်စောင်အား မူကြမ်းရေးသားရန် ကြိုးပမ်းခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။[xxiii] ဤအခြေအနေတွင် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်က သဘောတူညီချက် စာချုပ်များ အပြင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများမှ ကောက်နှုတ်ဖွင့်ဆိုထားသည့် "စံအဓိပ္ပါယ် ဖွင့်ဆိုချက်" တစ်ရပ်ကို တင်သွင်းခဲ့သည်။[xxiv] ဤစံအဓိပ္ပါယ် ဖွင့်ဆိုချက်တွင် အကြမ်းဖက်မှုအား "လုပ်ဆောင်ချက် တစ်ရပ် သို့မဟုတ် ကြိုးပမ်းချက်တစ်ရပ်" အဖြစ် ဖွင့်ဆိုထားသည်။

*ထိုလုပ်ဆောင်ချက်သည် (က) ဓါးစာခံများအဖြစ် ရည်ရွယ်ချက်ရှိရှိ ဖမ်းဆီး ခေါ်ဆောင်ခြင်း သို့မဟုတ် (ခ) ပြည်သူတစ်ဦးချင်းစီ သို့မဟုတ် ပြည်သူများ သို့မဟုတ် ၎င်းတို့၏ အစိတ်အပိုင်း များအား ရည်ရွယ်ချက်ရှိရှိ သေစေခြင်း သို့မဟုတ် ကိုယ်ခန္ဓာအား ဆိုးရွားစွာ ဒဏ်ရာရစေခြင်း၊ သို့မဟုတ် (ဂ) ပြည်သူတဦးချင်းစီ သို့မဟုတ် ပြည်သူများ သို့မဟုတ် ၎င်း၏ အစိတ်အပိုင်း များအား သေစေလောက်သော သို့မဟုတ် ဆိုးရွားသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ခြင်းတို့ ပါဝင်ပြီး*

*ထိုသို့လုပ်ဆောင်ရာတွင် သို့မဟုတ် လုပ်ဆောင်ရန် ကြိုးပမ်းရာတွင် ရည်ရွယ်ချက်ရှိရှိဖြင့် (က) အများပြည်သူကြားတွင် သို့မဟုတ် ၎င်း၏ အစုအဖွဲ့အတွင်း အကြမ်းဖက်မှုအား ဖြစ်ပွား စေခြင်း သို့မဟုတ် (ခ) အစိုးရတစ်ရပ် သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းအား တစုံတရာ ပြုလုပ်ရန် အတင်းအကျပ် စေခိုင်းခြင်း သို့မဟုတ် တားမြစ်ခြင်း နှင့်*

*လုပ်ဆောင်ချက်သည် (က) နိုင်ငံတကာ သဘောတူညီချက် စာချုပ်များ၊ ကျင့်ဝတ်များ သို့မဟုတ် အကြမ်းဖက်မှု ဆိုင်ရာ လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် လိုက်လျော ညီထွေဖြစ်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားသော ပြည်တွင်း ဥပဒေတွင် ဖွင့်ဆိုထားသည့် ကြီးလေးသည့် ရာဇဝတ်မှု၏ အဓိပ္ပါယ်နှင့် ကိုက်ညီသည်။ သို့မဟုတ် (ခ) ပြည်တွင်းဥပဒေအရ ဆိုးရွားသောပြစ်မှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါဝင်သည့် အချက်များ အားလုံးနှင့် ကိုက်ညီသည်။*[xxv]

အကြမ်းဖက်မှုအပေါ် နိုင်ငံတကာ၏ အဓိပ္ပါယ် သတ်မှတ်ချက် တစ်စုံတစ်ရာ မရှိသောအချိန်တွင် ဤသတ်မှတ်ချက်များမှာ ကျယ်ပြန့်ပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့်လည်း

ကိုက်ညီမှုရှိသည့်အတွက် ဤစံအဓိပ္ပါယ် ဖွင့်ဆိုချက်သည် နိုင်ငံတော်၏ အဖွဲ့အစည်းများမှ အကြမ်းဖက် လုပ်ဆောင်လာနိုင်ချေများကို သတ်မှတ်ရာတွင်လည်း အထူးသဖြင့် အသုံးဝင်သည်။ ထို့အတွက်ကြောင့် ဤစံသတ်မှတ်ချက်အား တပ်မတော်၏ လုပ်ဆောင်ချက်များအား ဆန်းစစ်နိုင်ရာတွင် အသုံးပြုနိုင်ပြီး ဤစာတမ်းတွင်လည်း လက်ခံသုံးစွဲထားသည်။

နိုင်ငံတကာ အကြမ်းဖက်မှု ဆန့်ကျင်ရေး သဘောတူညီချက် စာချုပ်များသည် အကြမ်းဖက်မှုဖြစ်စဉ်အားလုံးအပေါ် သက်ရောက်နိုင်စွမ်းမရှိကြောင်း သတိပြုမိရန် အရေးကြီးသည်။ များသောအားဖြင့် ပြည်တွင်း အခြေအနေများတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများအပေါ် သက်ရောက်နိုင်စွမ်းမရှိခြင်းနှင့် ဖြစ်ပေါ်နေသောအကြမ်းဖက်မှုပုံစံများမှာ နိုင်ငံတကာမှ သတ်မှတ်ထားသော ပုံစံများ သို့မဟုတ် အချက်များ ပါဝင်မှုမရှိခြင်းတို့ ဖြစ်သည်။ များသောအားဖြင့် သဘောတူညီချက် စာချုပ်များသည် နိုင်ငံပိုင်တပ်ဖွဲ့များမှ ၎င်းတို့၏ နယ်မြေအတွင်း ကျူးလွန်သည့် လုပ်ဆောင်မှုများအပေါ် သက်ရောက်မှု မရှိဟူသည့် စာကြောင်း ပါလေ့ရှိသည်။ [xxvi] ရလာဒ်အနေဖြင့် တပ်မတော်၏ လုပ်ဆောင်ချက်များသည် နိုင်ငံတကာ အကြမ်းဖက်မှု ဆန့်ကျင်ရေး သဘောတူညီချက် စာချုပ်များတွင် ဖွင့်ဆိုထားသည့် အကြမ်းဖက်မှုများ အောက်တွင် ရှိနေနိုင်သော်လည်း ထိုသဘောတူ စာချုပ်များအနေဖြင့် တပ်မတော်နှင့် ပတ်သက်၍ လုံးဝသင့်လျော်ခြင်း မရှိသကဲ့သို့ ဖြစ်နိုင်သည်။

သို့သော် အကြမ်းဖက်မှု လုပ်ရပ်များတွင် ပြည်တွင်း ဥပဒေများအောက်ရှိ ရာဇဝတ်မှုများ အမြဲတစေ ပါဝင်လေ့ရှိပြီး အကြမ်းဖက်မှုအပေါ် နိုင်ငံတကာဥပဒေ၏ အဓိပ္ပါယ် ဖွင့်ဆိုချက်များက နိုင်ငံ တစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအနေဖြင့် ထိုရာဇဝတ်မှုများအား အကြမ်းဖက်မှု အဖြစ် သတ်မှတ်မည် သို့မဟုတ် မသတ်မှတ်မည်ကို ဆုံးဖြတ်ရန်နှင့် တပ်မတော်အား သင့်လျော်သလို အရေးယူရန်အတွက် အထောက်အကူ ပေးနိုင်သည်။ [xxvii]

## မြန်မာနိုင်ငံ ဥပဒေအရ အကြမ်းဖက်မှု လုပ်ရပ်များ

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေရှိသည်။ မြန်မာနိုင်ငံ၏ အခြား ဥပဒေများ ကဲ့သို့ပင် ဤဥပဒေသည်လည်း ကျယ်ပြန့်ပြီး ပြတ်သားမှု ရှင်းလင်းမှု မရှိသည့်အပြင် တာဝန်ယူမှု တာဝန်ခံမှုအတွက် တိကျရှင်းလင်း သော စာကြောင်းများ မပါသည့်အတွက် အလွဲသုံးစားပြုနိုင်ရန် အလားအလာ ရှိသည်။ မြန်မာအာဏာပိုင်များအနေဖြင့် ဤဥပဒေအား ရွေးချယ်အသုံးပြုခြင်း၊ မတရားသော နည်းဖြင့် အသုံးပြုခြင်းများနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာများ ရှိသည်။[xxviii] သို့သော်လည်း ဤဥပဒေသည် နိုင်ငံအတွင်း အကြမ်းဖက်မှုဆိုင်ရာလုပ်ရပ်များ ပေါ်ပေါက်လာပါက ဆုံးဖြတ်ချက် ချမှတ်ရန်နှင့် အဆိုပါအကြမ်းဖက်မှု ကျူးလွန်သူများအား ပြတ်သားစွာ ဥပဒေလမ်းကြောင်း အရ အရေးယူရန် အထောက်အကူ ဖြစ်စေသည်။

ထိုဥပဒေ၏ အခန်း (၄) တွင် ၎င်း၏ ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ ထိုရည်ရွယ်ချက် များသည် ပြည်သူများအား အကြမ်းဖက်မှုမှ အကာအကွယ်ပေးရန် အပြင် သက်ဆိုင်ရာ နိုင်ငံတကာ ဥပဒေများနှင့် မူဝါဒများအား ကတိသစ္စာပြုရန်နှင့် ထောက်ခံရန်လည်း ပါဝင်သည်။ ဥပဒေတွင် ဖော်ပြထားသည့် ရည်ရွယ်ချက် များမှာ အောက်ပါအတိုင်း ဖြစ်သည်။

***(က) လူသားတို့၏ အသက်နှင့် ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း၊ အခြေခံအဆောက်အအုံများနှင့် သဘာဝ ပတ်ဝန်းကျင်ကို လည်းကောင်း အကြမ်းဖက်မှု ကျူးလွန်ခြင်းကို တားဆီး ကာကွယ်ရန်။***

*(ခ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေး ကဏ္ဍများတွင် နည်းလမ်းမျိုးစုံ အသုံးပြု၍ အကြမ်းဖက် ကျူးလွန်ခြင်းကို ကာကွယ်ရန်။*

*(ဂ) အကြမ်းဖက် အုပ်စုများ၊ အကြမ်းဖက် သမားများ၊ ယင်းတို့၏ လှုပ်ရှားမှုများ၊ လှုံ့ဆော်မှုများ၊ အကြမ်းဖက်မှုကို ဖြစ်စေသည့် အကြောင်းအရင်းများနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများကို ဖော်ထုတ်၍ ကာကွယ်တားဆီး အရေးယူရန်။*

*(ဃ) အကြမ်းဖက်မှုများကို ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ ဆောင်ရွက်ရာတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အာဆီယံ ကွန်ဗင်းရှင်း တို့နှင့် လိုက်လျောညီထွေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။*

အခန်း (၃) တွင် အကြမ်းဖက်မှုလုပ်ရပ်များအဖြစ် သတ်မှတ်ထားသည့် လုပ်ဆောင်ချက်များနှင့် ရာဇသတ်ကြီး အရ ရာဇဝတ်မှုမြောက်သည့် အချက်များကို စာရင်းပြုစုထားသည်။ ထိုအထဲတွင် အောက်ပါ အချက်များ ပါဝင်သည်။

*(၃) ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ကျူးလွန်သည့် ပြုလုပ်မှု*

*(၉) အကြမ်းဖက်မှုကို ငွေကြေးနှင့် ပစ္စည်း ထောက်ပံ့မှုနှင့် သက်ဆိုင်သည့် ပြစ်မှု*

*(၁၀) အများပြည်သူလုံခြုံရေးကို ဖြစ်စေ၊ အသက်အိုးအိမ် စည်းစိမ်ကို ဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦး တစ်ယောက်အတွက် အရေးကြီးသော အခြေခံ အဆောက်အအုံများကို ဖြစ်စေ၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်း ကိရိယာနှင့် အသုံးအဆောင် ပစ္စည်းများကို ဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံး စေရန် ပြုလုပ်မှုများ၊*

*(၁၃) အများပြည်သူအတွင်း ထိတ်လန့် ကြောက်ရွံ့မှု ဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း တစ်ခုခုအား ဥပဒေနှင့် မညီသည့် လုပ်ရပ် တစ်ခုကို အတင်းအကျပ် ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့် အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကို ဖြစ်စေ၊ လက်နက်ကိုင် ပဋိပက္ခ တိုက်ပွဲ ဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်း မရှိသည့် အခြားသူ တဦးဦးကို ဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်နှင့် အခြား ပြုလပ်မှုများ*

*(၁၄) အကြမ်းဖက်ရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူ၏ ကျန်းမာရေးကို ဖြစ်စေ၊ ဘေးကင်းရေးကို ဖြစ်စေ၊ သဘာဝ ပတ်ဝန်းကျင်ကို ဖြစ်စေ ဆိုးရွားစွာ ထိခိုက်စေသည့် အကြမ်းဖက် မှုများ၊*

*(၁၅) အကြမ်းဖက်မှု အုပ်စု တစ်ခုခုတွင် ဖြစ်စေ အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်စေ သူတစ်ဦးဦးအား ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံး သိမ်းသွင်းမှု၊ ဝါဒဖြန့်မှု စုဆောင်းရန် ပြုလုပ်မှုများ၊*[xxix]

ဥပဒေအရ အကြမ်းဖက်သမား ဆိုသည်မှာ တစုံတဦး သို့မဟုတ် အဖွဲ့ တဖွဲ့မှ အထက်ဖော်ပြပါ မည်သည့် လုပ်ရပ်များအတွက် မဆို တာဝန်ရှိသူ ဖြစ်သည်။[xxx]

ဤဥပဒေ၏ အခန်း (၆) တွင် ဖော်ပြထားသကဲ့သို့ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခြင်း ကဲ့သို့ အကြမ်းဖက်မှု လုပ်ရပ်အချို့နှင့် ပတ်သက်ပြီး အသေးစိတ် အချက်များပါသည့် အခန်းများလည်း ရှိသည်။

*မည်သူမဆို (က) သူတစ်ဦးဦးအား ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ပြု၍ အခြားသူ တစ်ဦးကို ဖြစ်စေ၊ နိုင်ငံတော်ကို ဖြစ်စေ၊ အစိုးရ အချင်းချင်း ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း ကို ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့ကို ဖြစ်စေ၊ လူတစ်စုကို ဖြစ်စေ ဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်မှုများကို ပြုစေရန် သို့မဟုတ် ဥပဒေနှင့် ညီညွတ်သော ဆောင်ရွက်မှုကို မပြုစေရန် ဆောင်းဆိုပြီး ယင်းတောင်းဆိုချက်ကို ငြင်းပယ်လျှင် ဓားစာခံ အဖြစ် ဖမ်းဆီးထိန်းသိမ်းထားသူကို သေစေမည်၊ အပြင်းအထန် နာကျင်စေမည် သို့မဟုတ် ဆက်လက် ထိန်းသိမ်းထား မည်ဟု သော်လည်းကောင်း၊ ထိုတောင်းဆိုချက် ကို လက်ခံပါက ဓားစာခံအဖြစ် ထိန်းသိမ်းထားသူကို ပြန်လွှတ်ပေးမည် ဟု သော်လည်းကောင်း စည်းကမ်းချက် ထား၍ ခြိမ်းခြောက်မှု ပြုလျှင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှု ကျူးလွန်ရာ ရောက်သည်။*

အရေးကြီးသည့် အချက်မှာ နိုင်ငံတကာ သဘောတူညီချက်စာချုပ်များသည် စစ်တပ်၏ ၎င်းတို့ နယ်မြေအတွင်း ကျူးလွန်သော အကြမ်းဖက်မှု လုပ်ရပ်များနှင့် ပတ်သက်၍ သက်ရောက်ခြင်း မရှိသော်လည်း မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် ဥပဒေတွင် ထိုသို့ ကန့်သတ်ထားခြင်း မရှိပါ။ [xxxi] ဆိုလိုသည်မှာ တပ်မတော်သားများနှင့် တပ်မတော်အား မြန်မာနိုင်ငံ ဥပဒေအရ အကြမ်းဖက်သူများအဖြစ် သတ်မှတ်ခွင့် ရှိသည်။

## နိဂုံးချုပ်နှင့် အကြံပြုချက်များ

တပ်မတော်၏ အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်ပြီး ၎င်း၏ လုပ်ရပ်များသည် နိုင်ငံတကာ ဥပဒေအရ အကြမ်းဖက်မှု အဓိပ္ပါယ် ဖွင့်ဆိုချက်အတွင်း ဘောင်ဝင်သည်။ အလားတူ လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များအဖြစ်လည်း သတ်မှတ်နိုင်သည်။

မြန်မာနိုင်ငံ၏ အမျိုးသား ညီညွတ်ရေး အစိုးရအနေဖြင့် တပ်မတော်အား အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်ရန် အတွက် ၎င်း၏အာဏာအား မှန်ကန်စွာ အသုံးချခဲ့သည်။ ကုလသမဂ္ဂ အစိတ်အပိုင်းများ၊ အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များ၊ ဖိုရမ်များနှင့် အခြားနိုင်ငံများအနေဖြင့် အလားတူ ဆောင်ရွက်သင့်သည်။

တပ်မတော်အား အကြမ်းဖက် အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုပြီး တပ်မတော်မှ ခေါင်းဆောင်များအား အကြမ်းဖက် သမားများအဖြစ် သတ်မှတ်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အပါအဝင် နိုင်ငံတကာ အသိုင်းဝိုင်းအား မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ထပ်မံ တောင်းဆိုသည်။ အကြမ်းဖက်သမားများ ဖြစ်သည်နှင့် အညီ ၎င်းတို့သည် ညှိနှိုင်းဆောင်ရွက်ရန် အတွက် လက်တွဲသင့်သူများ မဟုတ်ပဲ တာဝန်ယူကာကွယ်စောင့်ရှောက်ရေးမူအရ အတူတကွ ပေါင်းစည်း အရေးယူသင့်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် လက်နက်စီးဆင်းမှုအား ဖြတ်တောက် ခြင်း၊ ငွေကြေးစီးဆင်းမှုအား ဖြတ်တောက်ခြင်းနှင့် ၎င်းတို့ ဆက်လက်ရရှိနေသော ပြစ်ဒဏ်ကင်းလွတ်ခွင့်အား ဖြတ်တောက်ရမည် ဖြစ်သည်။ [xxxii]

***

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီသည် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှုကို တုန့်ပြန်ရန် အတူတကွ ပူးပေါင်းဆောင်ရွက်ကြသည့် နိုင်ငံတကာမှ အမှီအခို ကင်းသော ကျွမ်းကျင်ပညာရှင်များ အဖွဲ့ဖြစ်ပြီး

မြန်မာနိုင်ငံသားများ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ၊ တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုများ အတွက် တိုက်ပွဲဝင်ရာတွင် ကူညီထောက်ပံ့မှုပြုရန် အတွက် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီနှင့် ကျွန်ုပ်တို့၏ လုပ်ငန်းများနှင့် ပတ်သက်၍ပိုမိုသိရှိလိုပါက https://specialadvisorycouncil.org/ တွင် ဝင်ရောက် လေ့လာနိုင်သည်။

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ၏ အနှစ်ချုပ် စာတမ်းများအတွက် စိတ်ချရသည့် သတင်း အချက်အလက်များကို စုစည်းရာတွင် သုတေသနအတွက် ယုံကြည်ရသော အစီရင်ခံစာများအား အရင်းအမြစ်အဖြစ် အသုံးပြုပြီး ထိုစာတမ်းများအား အမှီအခိုကင်းသော လုံခြုံစိတ်ချရသည့် အရင်းအမြစ်များနှင့် ထပ်မံ စီစစ်မှု ပြုသည်။

---

[i] ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြု ကော်မတီ (CRPH) အား ကိုယ်စားပြုသော ရွေးကောက်ခံ အမတ်များက ၂၀၂၁ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ “အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်အဖွဲ့အစည်းများ ကြေညာခြင်း” ခေါင်းစဉ်ဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်သည် “စစ်ကောင်စီ၏ တပ်မတော်နှင့် ၎င်း၏ အပေါင်းအပါ အဖွဲ့အစည်းများအား အကြမ်းဖက်အဖွဲ့အစည်းများအဖြစ်” သတ်မှတ်ခဲ့ပြီး ထိုအထဲတွင် “အကြမ်းဖက်မှုတွင် ယေဘုယျအားဖြင့် အဓိက အစိတ်အပိုင်း (၅) ခု ပါဝင်သည်။ ၎င်းတို့မှာ အကြမ်းဖက်သည့် အပြုအမူကို ပြုလုပ်ခြင်း၊ အကြမ်းဖက်မှုကို အာရုံစိုက်လာအောင် ပစ်မှတ်ထား ခံရသူများ ရှိခြင်း၊ ကြောက်ရွံ့ထိတ်လန့်စိတ် ဝင်အောင် ဖန်တီးခြင်း၊ အပြစ်မဲ့ အကြမ်းဖက်ခံရသူများ ရှိခြင်း၊ နိုင်ငံရေး ရည်ရွယ်ချက်များနှင့် စေ့ဆော်မှုများ ရှိခြင်းတို့ဖြစ်ကြသည်။” ဟု ထည့်သွင်း ရေးသားထားသည်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ ၏ ၂၀၂၁ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ထုတ်ပြန်သည့် “အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်အဖွဲ့အစည်းများ ကြေညာခြင်း” ကြေညာချက် အမှတ် ၃/၂၀၂၁ အား (၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ တွင် အသုံးပြုခဲ့သည်။ https://www.facebook.com/crph.official.mm/photos/pcb.197140835745229/197139209078725, တွင် တွေ့နိုင်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ထုတ်ပြန်ကြေညာချက်သည် စစ်အာဏာရှင်၏ “အထူး စီမံအုပ်ချုပ်ရေးကောင်စီ - SAC“ မှ ၂၀၂၁ ခုနှစ် မေလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြု ကော်မတီ (CRPH) သည် အကြမ်းဖက်အဖွဲ့ဖြစ်သည်ဟူသည့် ကြေညာချက်၏ နောက်ဆက်တွဲ ထုတ်ပြန်ချက် ဖြစ်သည်။ မြန်မာ့အလင်း (GNLM) ၏ ၂၀၂၁ မေလ ၉ ရက်နေ့တွင် ထုတ်ဝေသည့် “အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုကော်မတီ၏ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာချက် အမှတ် ၂/၂၀၂၁၊ ၂၀၂၁ ခုနှစ် မေလ ၈ ရက်နေ့” အား https://www.burmalibrary.org/sites/burmalibrary.org/files/obl/GNLM2021-05-09-red.pdf တွင် တွေ့နိုင်သည်။ (၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ တွင် သုံးသပ်ခဲ့သည်။)

[ii] ဤအခြေအနေများကို ကမ္ဘာ့ကုလသမဂ္ဂ၊ လူ့အခွင့်အရေးအဖွဲ့များနှင့် သတင်းဌာနများမှ ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက်များ စုဆောင်းထားပြီး မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကော်မတီမှလည်း မပြတ်မလတ် မီးမောင်းထိုးပြလျက်ရှိသည်။ ဥပမာအားဖြင့် မေလ ၇ ရက်နေ့တွင် ထုတ်ပြန်သည့် “မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကော်မတီ။ ။ မြန်မာစစ်တပ်မှ ဆေးဘက်ဆိုင်ရာ ပညာရှင်များအား ပစ်မှတ်ထားခြင်း” ကို ကြည့်ပါ။ (နိုဝင်ဘာလ ၆ ရက်နေ့တွင် ရရှိခဲ့သည်။)

[iii] မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကော်မတီက မြန်မာစစ်တပ်သည် အကြမ်းဖက်မှု လုပ်ရပ်များတွင် ပါဝင်နေကြောင်း ပြောပြီး နိုင်ငံတကာထံမှ “ဖြတ်သုံးဖြတ်” နည်းဗျူဟာကို တောင်းဆိုခဲ့သည်။ ၂၀၂၁ ခုနှစ် မတ်လ ထုတ် https://specialadvisorycouncil.org/2021/03/sac-m-says-myanmar-military-is-engaging-in-terrorism-and-calls-for-global-three-cuts-strategy/ တွင် ကြည့်ပါ။ (နိုဝင်ဘာလ ၆ ရက်နေ့တွင် ရရှိခဲ့သည်။)

[iv] မြန်မာစစ်တပ်သည် အကြမ်းဖက်မှု လုပ်ရပ်များတွင် ပါဝင်လျက်ရှိပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ အစည်းအဝေးများတွင် လျစ်လျူရှုထားခံရသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလထုတ် https://specialadvisorycouncil.org/2021/09/myanmar-military-junta-engaging-in-terrorism-with-flagrant-disregard-for-united-nations-meetings/ တွင် ကြည့်ပါ။

[v] ဥပမာအားဖြင့် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) စစ်အာဏာသိမ်းပြီးနောက် လတ်တလောဖြစ်ပေါ်လျက် ရှိသော အခြေအနေများနှင့် ပတ်သက်၍ နေ့စဉ်ထုတ်ပြန်ချက် အကျဉ်းချုပ်ကို https://aappb.org/?cat=109 တွင် တွေ့နိုင်သည်။ (၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် သုံးသပ်ခဲ့သည်။) မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ၏ အစီရင်ခံစာများ၊ သတင်းထုတ်ပြန်ချက်များနှင့် ထုတ်ပြန်ချက်များကို https://www.ohchr.org/en/hrbodies/sp/countriesmandates/mm/pages/srmyanmar.aspx တွင် ရရှိနိုင်သည်။ (၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် သုံးသပ်ခဲ့သည်။)။ Amnesty International Myanmar News ၏ သတင်းအချက်အလက်များအား https://www.amnesty.org/en/latest/news/?qlocation=1821 တွင် ဖတ်ရှုနိုင်သည်။ (၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် သုံးသပ်ခဲ့သည်။) Independent Investigative Mechanism for Myanmar (IIMM) ဆိုင်ရာ သတင်းတိုများအား https://iimm.un.org/category/news-features/ (တွင် ဖတ်ရှုနိုင်သည်။ (၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် သုံးသပ်ခဲ့သည်။)

[vi] ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်နေ့ထုတ် “'Everything will be OK': slain Myanmar teen's T-shirt slogan spurs defiance” ကို https://www.reuters.com/article/us-myanmar-politics-victim-idUSKBN2AV247 တွင် ဖတ်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[vii] ၂၀၂၁ ခုနှစ် ဧပြီလ ထုတ် “Mother of Prominent Protest Leader Detained by Myanmar Junta Fears for his Health” ကို https://www.irrawaddy.com/news/burma/mother-prominent-protest-leader-detained-myanmar-junta-fears-health.html တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[viii] ၂၀၂၁ ခုနှစ် မေလ ၂၆ ရက် ထုတ် “Myanmar’s junta uses bodies as tools of terror in crackdown” ကို https://apnews.com/article/myanmar-business-cc400550ff89c429bc809aa356abbe4d တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[ix] ၂၀၂၁ ခုနှစ် မေလ ၅ ရက်ထုတ် “Myanmar’s military disappearing young men to crush uprising” ကို https://apnews.com/article/united-nations-myanmar-technology-e5c0036949f7e7fb8ce1da5884f250a4 တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[x] ၂၀၂၁ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ ထုတ် “Outcry in Myanmar as military airs images of ‘tortured’ detainees” ကို https://www.aljazeera.com/news/2021/4/19/outcry-in-myanmar-as-military-airs-images-of-tortured-detainees တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[xi] ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့ထုတ် “Myanmar junta abducting children of people targeted for arrest, says UN expert” ကို https://www.theguardian.com/world/2021/sep/23/thousands-of-civilians-flee-myanmar-town-after-military-clash-with-rebels တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[xii] ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့ ထုတ် “Five killed, dozens injured in Myanmar military ramming attack on peaceful protest” ကို : https://www.rfa.org/english/news/myanmar/attack-12062021163754.html တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[xiii] ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့ ထုတ် “A Chronology of the Myanmar Junta’s Vehicle-Ramming Attacks on Peaceful Protesters” ကို https://www.irrawaddy.com/news/burma/a-chronology-of-the-myanmar-juntas-vehicle-ramming-attacks-on-peaceful-protesters.html?utm_source=The+Irrawaddy&utm_campaign=d78596c602-RSS_EMAIL_CAMPAIGN&utm_medium=email&utm_term=0_1465753ec6-d78596c602-26436421&ct=t(RSS_EMAIL_CAMPAIGN) တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[xiv] ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ထုတ် "Five-year-old Girl Killed by Myanmar Junta Forces" ကို https://www.irrawaddy.com/news/burma/five-year-old-girl-killed-by-myanmar-junta-forces.html တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[xv] ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့ထုတ် "A A 45 yr-old mother was killed & her 2 yr-old child lost both her legs…" ကို https://twitter.com/ChinHumanRights/status/1467776918531416067 တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် သုံးသပ်ခဲ့သည်။)

[xvi] ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ထုတ် "Myanmar troops massacre, burn 11 villagers in Sagaing" ကို available at: https://www.rfa.org/english/news/myanmar/burn-12072021165002.html တွင် ကြည့်ပါ။ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် သုံးသပ်ခဲ့သည်။)

[xvii] ကမ္ဘာ့ကုလသမဂ္ဂ၏ အဓိက သဘောတူညီချက် စာချုပ် သို့မဟုတ် ကြေညာစာတမ်း (၅) ခုမှာ ၁၉၇၃ ခုနှစ် သံတမန် အကာအကွယ်ပေးရေး သဘောတူညီချက်၊ ၁၉၇၉ ခုနှစ် ဓားစာခံဆိုင်ရာ သဘောတူညီချက်၊ ၁၉၉၇ ခုနှစ် အကြမ်းဖက်ဗုံးဖောက်ခွဲခြင်း ဆိုင်ရာ သဘောတူညီချက်၊ ၁၉၉၉ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ သဘောတူညီချက် နှင့် ၂၀၀၅ ခုနှစ် နျူကလီးယား အကြမ်းဖက်မှုအား နှိမ်နှင်းခြင်းဆိုင်ရာ အပြည်ပြည်သဘောတူညီချက်စာချုပ် တို့ဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် နျူကလီးယား အကြမ်းဖက်မှုအား နှိမ်နှင်းခြင်းဆိုင်ရာ အပြည်ပြည်သဘောတူညီချက်စာချုပ် မှအပ ကျန်သဘောတူညီချက်စာချုပ်အားလုံး၏ အဖွဲ့ဝင် ဖြစ်သည်။ ၂၀၀၇ ခုနှစ် အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူညီချက်စာချုပ် အပါအဝင် ကျန်သဘောတူညီချက် စာချုပ်များမှာ နိုင်ငံပေါင်းစုံ သဘောတူညီချက် သို့မဟုတ် ဒေသအလိုက် သဘောတူညီချက်များ ဖြစ်ကြသည်။ အရေးကြီးသည့် အချက်မှာ ၁၉၉၄ ခုနှစ် အကြမ်းဖက်မှု ပပျောက်ရေး အပြည်ပြည်ဆိုင်ရာ ကြေညာစာတမ်းနှင့် ၁၉၉၆ ခုနှစ် ဖြည့်စွက် ကြေညာစာတမ်းအပါအဝင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ထုတ်ပြန်ချက်များလည်း ပါဝင်သည်။

[xviii] ၂၀၀၉ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ ဥပဒေရေးရာရုံး "အကြမ်းဖက်မှု အကာအကွယ်ပေးရေးနှင့် အကြမ်းဖက်မှု နှိမ်နှင်းခြင်းဆိုင်ရာ နိုင်ငံတကာ အထောက်အကူပြု စာရွက်စာတမ်းများ" အား https://www.un-ilibrary.org/content/books/9789210477024/read တွင် ဖတ်ရှုနိုင်သည်။ (၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် သုံးသပ်ခဲ့သည်။)။ အဓိက နိုင်ငံတကာ သဘောတူညီချက် စာချုပ်များမှာ ၁၉၇၃ ခုနှစ် သံတမန် အကာအကွယ်ပေးရေး သဘောတူညီချက်၊ ၁၉၇၉ ခုနှစ် ဓားစာခံဆိုင်ရာ သဘောတူညီချက်၊ ၁၉၉၇ ခုနှစ် အကြမ်းဖက်ဗုံးဖောက်ခွဲခြင်း ဆိုင်ရာ သဘောတူညီချက်၊ နှင့် ၁၉၉၉ ခုနှစ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ သဘောတူညီချက်တို့ဖြစ်သည်။ (မြန်မာနိုင်ငံမှ အဖွဲ့နိုင်ငံအဖြစ် ပါဝင်သည့် အရှေ့တောင်အာရှ နိုင်ငံများ အသင်း) ၏ ၂၀၀၇ ခုနှစ် အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ သဘောတူညီချက်စာချုပ်ကိုလည်း ထည့်သွင်းမှတ်သားရမည်။

[xix] ပုဒ်မ (၃) ၁၉၉၅ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ထုတ်ပြန်ကြေညာချက်အဖြစ် လက်ခံခဲ့သည်။ ၁၉၉၄ ခုနှစ် ထုတ်ပြန်ကြေညာချက်အား ကုလသမဂ္ဂ သဘောတူညီချက် စာချုပ်များ၏ နောက်ဆက်တွဲ စာချုပ် သုံးခုလုံးတွင် နိုင်ငံတကာ ဥပဒေအောက်တွင် အများသဘောတူညီချက်ဖြင့် နိဒါန်းအဖြစ် ထည့်သွင်း ဖော်ပြခဲ့သည်။

[xx] ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ကြေညာချက် ၁၅၆၆ (၂၀၀၄) ၏ လုပ်ငန်းစီမံချက် အပိုဒ် ၃။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ အနေဖြင့် ယခင်ကာလများနှင့် ကြေညာချက် ၁၃၇၃ (၂၀၀၁) တွင် အကြမ်းဖက်မှုနှင့် ပတ်သက်၍ အခန်း (၇) တွင် ထည့်သွင်းသည့်အခါတွင် နိုင်ငံများ အနေဖြင့် အကြမ်းဖက်မှုအား ဖြေရှင်းရန်အတွက် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့ခြင်းကို ကာကွယ်ရန်နှင့် နှိမ်နှင်းရန်အတွက် အချို့သော အချက်များကို ပြုလုပ်ပေးရန် တောင်းဆိုခဲ့ကြသည်။

[xxi] အာဆီယံ သဘောတူညီချက် စာချုပ် ပုဒ်မ ၉ (က) တွင် "အဖွဲ့ဝင် နိုင်ငံများအားလုံးအနေဖြင့် ထိုတိုင်းတာမှုများအား နိုင်ငံတော် ဥပဒေပြုရေး၌ သင့်လျော်သည့် နေရာတွင် လိုအပ်သလိုထည့်သွင်းရန်၊ ဤသဘောတူညီချက်စာချုပ် အပိုဒ် (၂) တွင် ပါရှိသည့် ပြစ်မှုများ အထူးသဖြင့် လူထုအား ခြိမ်းခြောက်ရန် ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအား တစ်စုံတစ်ရာ လုပ်ဆောင်ရန် အတင်းအကျပ် ခိုင်းစေခြင်း သို့မဟုတ် ခွင့်မပေးခြင်းများနှင့် ပတ်သက်၍

တရားမျှတမှုအတွက် မည်သည့် အခြေအနေတွင်မဆို နိုင်ငံရေး၊ အတွေးအခေါ်၊ အယူဝါဒများ၊ လူမျိုးရေး၊ ဘာသာနှင့် အလားတူ အကြောင်းအရာများအား ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ပါ။”

[xxii] ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ထုတ်ပြန်ကြေညာချက် အမှတ် ၇၂/၂၈၄၊ နိဒါန်း စာပိုဒ် ၁၀။

[xxiii] ဥပမာအားဖြင့် ၂၀၀၀ ခုနှစ် “အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု သဘောတူညီချက်စာချုပ် မူကြမ်း။ ။ အိန္ဒိယနိုင်ငံမှ တင်သွင်းသည့် ပြုပြင်ဆဲ စာရွက်စာတမ်း” အား https://digitallibrary.un.org/record/422477?ln=en တွင် ဖတ်ရှုနိုင်သည်။ (၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် သုံးသပ်ခဲ့သည်။)။

[xxiv] နိုင်ငံများမှ အကြမ်းဖက်မှု ဆန့်ကျင်တိုက်ခိုက်ရေး ဥပဒေနှင့် လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်မှုများအား အသုံးပြုနေခြင်းကို စိုးရိမ်မှုများ တိုးမြင့်လာသည်နှင့်အတူ ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက အကြမ်းဖက်မှုအား ဆန့်ကျင်တိုက်ခိုက်နေစဉ် လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များအား မြှင့်တင်ပေးရန်နှင့် အကာအကွယ် ပေးရန်အတွက် အထူးကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ခဲ့ပြီး ၎င်းမှ လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သည်။ အကြမ်းဖက်မှု ဆန့်ကျင်တိုက်ခိုက်ရေး ဥပဒေများအား အလွဲသုံးစား ပြုလုပ်မည်ကို စိုးရိမ်ခြင်းမှာ အသစ်အဆန်းမဟုတ်သော်လည်း သက်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများ၊ လက်တွေ့ကျင့်သုံးမှုများနှင့် ရေးသားချက်များသည် အကြမ်းဖက်မှုတွင် အစိုးရပါဝင်ပတ်သက်မှုထက် အကြမ်းဖက်မှုအား ဆန့်ကျင် တိုက်ခိုက်မှုများ အပေါ် ချိုးဖောက်မှုများကိုသာ ရေးသားထားသည်။ အရေးကြီးသည့် အချက်မှာ ၂၀၁၆ ခုနှစ်တွင် ကျင့်သုံးခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေး နည်းဗျူဟာတွင် အဓိက ထောက်တိုင် လေးချက်မှ တစ်ချက်မှာ “လူသားတိုင်း၏ အခွင့်အရေးအား လေးစားရန်နှင့် တရားဥပဒေစိုးမိုးရေးသည် အကြမ်းဖက်မှု တိုက်ဖျက်ရန်အတွက် အခြေခံကျသောအချက်ဖြစ်သည်။” (၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် သုံးသပ်ခဲ့သည်။)။

[xxv] ၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသော Martin Scheinin ၏ UN Doc. A/HRC/16/51 “Report of the Special Rapporteur on the promotion and protection of human rights and fundamental freedoms while countering terrorism” ကို https://undocs.org/en/A/HRC/16/51 တွင် ဖတ်ရှုနိုင်သည်။ (၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် သုံးသပ်ခဲ့သည်။)။

[xxvi] အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု ဥပဒေသည် အထူးသဖြင့် လက်နက်ကိုင်တပ်ဖွဲ့များမှ ၎င်းတို့၏ နယ်မြေဒေသအတွင်း ကျူးလွန်သည့် အခြေအနေကို ဖြေရှင်းခြင်း မဟုတ်ပေ။ သို့သော်လည်း ထိုသို့ လုပ်ဆောင်မှုများအား အကြမ်းဖက်မှုအဖြစ် ပြည်တွင်း ဥပဒေတွင် ထည့်သွင်း ပြဌာန်းနိုင်သည်။ ထိုသို့လုပ်ဆောင်မှုများသည် နိုင်ငံတကာ ဥပဒေတွင် အကြမ်းဖက်မှုနှင့် သက်ဆိုင်ခြင်း မရှိသော ရာဇဝတ်မှု အဖြစ် မှတ်ယူနိုင်သည်။ ဥပမာအားဖြင့် လူသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ဖြစ်သည့် လူသတ်ခြင်း သို့မဟုတ် ထောင်သွင်း အကျဉ်းချခြင်း သို့မဟုတ် လွတ်လပ်မှုကို ဆိုးရွားစွာ ပိတ်ပင်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အစဖျောက်ခြင်းတို့ဖြစ်ပြီး ဤအရာများ အားလုံးသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု မတိုင်မီနှင့် အာဏာသိမ်းမှု နောက်ပိုင်းတွင် တပ်မတော်မှ ပြုလုပ်သည့် လုပ်ဆောင်ချက်များနှင့် ကိုက်ညီနိုင်သည်။

[xxvii] နိုင်ငံတကာမှ အကြမ်းဖက်မှု အုပ်စုများအား သတ်မှတ်ချက်တွင် နိုင်ငံအတော်များများက အကြမ်းဖက်မှုတွင် ပါဝင်သည့် လူတစ်ဦးချင်း သို့မဟုတ် နိုင်ငံများကို သင့်လျော်သည့် သတ်မှတ်ချက်များ ချမှတ်ကာ သတ်မှတ်လေ့ရှိသည်။ ယေဘုယျအားဖြင့် အကြမ်းဖက်အဖြစ် သတ်မှတ်ခံရသူများမှာ အမြဲတစေမဟုတ်သော်လည်း များသောအားဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန် နိုင်ငံသည် အီရန်၏ Revolutionary Guards Corps အား ၎င်းတို့၏ အီရန်နိုင်ငံအတွင်း လှုပ်ရှားမှုများထက် ပြည်ပတွင် လုပ်ဆောင်မှုများကြောင့် အကြမ်းဖက် အဖွဲ့အစည်းအဖြစ် စာရင်းသွင်းထားသည်။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီနှင့်အတူ အီးယူ (EU) နှင့် အခြားအဖွဲ့များသည် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန်အတွက် တစိတ်တပိုင်းအဖြစ် စာရင်းသွင်းခြင်း စနစ်အား ထိန်းသိမ်းထားသည်။ ဤအချက်နှင့် ပတ်သက်၍ ဆွေးနွေးချက်များကို International Commission of Jurists ၏ ၂၀၀၉ ခုနှစ် တွင် ထုတ်ဝေသည့် “Report of the Eminent Jurists Panel on Terrorism, Counter-Terrorism and Human Rights: Assessing Damage, Urging Action” ၏ စာမျက်နှာ ၁၁၃ မှ ၁၁၇ တွင် တွေ့နိုင်ပြီး https://www.icj.org/report-of-the-eminent-jurists-panel-on-terrorism-counter-terrorism-and-human-rights/ တွင် ဖတ်ရှုနိုင်သည်။ (၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် သုံးသပ်ခဲ့သည်။)။

[xxviii] ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မြန်မာနိုင်ငံအတွင်း အာဏာသိမ်းမှုမတိုင်မီ အချိန်တွင် ဥပဒေပါ အချက်များနှင့် အညီ ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးရန်နှင့် စွဲချက်တင်ရန် လုံလောက်သည့် အဖွဲ့များအတွက် ၂၀၁၄ ခုနှစ် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအား နှစ်ကြိမ်တိုင်တိုင် အသုံးပြုခဲ့သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ် (ARSA) အား စာရင်းသွင်းခဲ့ပြီး ၂၀၀၀ ခုနှစ် မတ်လတွင် ရက္ခိုင့်တပ်တော် (AA) သည် စာရင်းသွင်း ခံခဲ့ရသည်။ ထို့နောက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းပြီးနောက် ရက်သတ္တပတ် ခြောက်ပတ်ခန့်တွင် စစ်အစိုးရမှ ရက္ခိုင့်တပ်တော် အား စာရင်းမှ ပယ်ဖျက်ခဲ့သည်။ အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ်အတွက်မူ တစုံတယောက်မှ ဤဥပဒေအရ တရားစွဲဆိုခံရခြင်း ရှိမရှိမှ သေချာမှု မရှိပေ။ ဤကိစ္စနှင့် ပတ်သက်၍ သုတေသနပြုခြင်းကို ဆက်လက်လုပ်ဆောင်နိုင်သော်လည်း International Commission of Jurists မှ ထုတ်ဝေသည့် ဆန်းစစ်လေ့လာမှုအရ အကြမ်းဖက်အဖြစ် သတ်မှတ်ခြင်းကို ပြည်သူများနှင့် ကလေးများအပေါ် ပစ်ဒဏ်ပေးရန်အတွက် အသုံးပြုသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ICJ မှ ထုတ်ဝေသည့် "Myanmar: 'Terrorist' list publications defy rule of law principles and put lives at risk" ကို ကြည့်ပါ။ ၎င်းကို : https://www.icj.org/myanmar-terrorist-list-publications-defy-rule-of-law-principles-and-put-lives-at-risk/ တွင် ဖတ်ရှုနိုင်သည်။ (၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့) ရခိုင်ပြည်နယ်တွင် ဖြစ်သည့် ဤအမှုကိစ္စ နှစ်ရပ်အပြင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်နယ် လွှတ်တော်အဖွဲ့မှ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများပါဝင်သည့် မြောက်ပိုင်းမဟာမိတ်အဖွဲ့အား အကြမ်းဖက် အုပ်စုအဖြစ် သတ်မှတ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းက တရားဥပဒေအရ မည်သို့ သက်ရောက်မှုမှ မရှိပေ။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် BNI မှ ထုတ်ပြန်သည့် "Shan State govt proclaims Northern Alliance 'terrorists" တွင် တွေ့နိုင်ပြီး https://www.bnionline.net/en/news/shan-state/item/2560-shan-state-govt-proclaims-northern-alliance-terrorists.html တွင် ဖတ်ရှုနိုင်သည်။ (၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် သုံးသပ်ခဲ့သည်။)

[xxix] ဤအချက်သည် ဥပဒေ အပိုင်း (၃) ခ တွင် ဖော်ပြထားသော အချက်များအား အကျဉ်းချုပ် ကောက်နှုတ် တင်ပြထားခြင်း ဖြစ်သည်။

[xxx] ၂၀၁၄ ခုနှစ် မြန်မာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃ (ပ) နှင့် ၃ (ဖ) တွင် "အကြမ်းဖက်သမား ဆိုသည်မှာ အကြမ်းဖက်မှု တခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဥပဒေနှင့် မညီပဲ တနည်းနည်းဖြင့် ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်သူကိုသော်လည်းကောင်း၊ အကြမ်းဖက်မှုတွင် ကြံရာပါအဖြစ် ပါဝင်သူ သို့မဟုတ် အကြမ်းဖက်မှု ကျူးလွန်ရန် အခြားသူများအား ညွှန်ကြားသူ သို့မဟုတ် စည်းရုံးသိမ်းသွင်းသူကိုသော်လည်းကောင်း၊ အကြမ်းဖက်မှု ကျူးလွန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပါဝင် ထောက်ပံ့သူကိုသော်လည်း ဆိုသည်။" "အကြမ်းဖက်အုပ်စု ဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုကို ကျူးလွန်ရန် အချိန်ကာလတစ်ခုယူ၍ ဖွဲ့စည်းထားသည့် လူနှစ်ဦးနှင့် အထက် ပါဝင်သော အသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ဗဟိုအဖွဲ့က ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လည်းကောင်း ကြေညာထားသည့် အကြမ်းဖက်အုပ်စုလည်း ပါဝင်သည်။"

[xxxi] အသုံးပြုနိုင်ခြင်း မရှိသော စာကြောင်းများ ရှိသော်လည်း တချက်စီတိုင်းသည် ပုဒ်မတစ်ခုစီ သို့မဟုတ် အကြမ်းဖက်မှု လုပ်ရပ် အမျိုးအစားတစ်ခုစီအတွက် ဖြစ်သည်။ ဥပမာအားဖြင့် နျူကလီးယား အကြမ်းဖက်မှုသည် (အပိုင်း ၂၆ (စ)) အရ လက်နက်ကိုင်တိုက်ပွဲအတွက် အသုံးဝင်ခြင်း မရှိပေ။ သို့မဟုတ်ပါက တပ်သားများသည် ဥပဒေ၏ အုပ်ချုပ်မှုအောက်တွင် မရှိဟု ပြောရန် မလိုပေ။ ဥပမာအားဖြင့် ဓားစာခံများ ခေါ်ယူခြင်းနှင့် သတ်ဖြတ်ခြင်းများတွင် အခန်း (၆) အရ "မည်သူမဆို" ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှု ပြုရာတွင် ပါဝင်ပါက ဥပဒေအရ အကြမ်းဖက်မှု လုပ်ရပ်အား ကျူးလွန်ခြင်း ဖြစ်သည်။

[xxxii] ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဤခေါင်းစဉ်နှင့် ပတ်သက်၍ ထုတ်ဝေသည့် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ၏ အကျဉ်းချုပ်စာတမ်း ဖြစ်သော " BRIEFING PAPER: THE RESPONSIBILITY TO PROTECT (R2P) IN MYANMAR" ကို https://specialadvisorycouncil.org/2021/09/briefing-paper-the-responsibility-to-protect-r2p-in-myanmar/ တွင် ဖတ်ရှုနိုင်သည်။ (၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၆ ရက်တွင် သုံးသပ်ခဲ့သည်။)